## CEIR နဲ့ IMEI မှတ်ပုံတင်ခြင်းအတွက် သိထားသင့်သော အချက် ၅ ချက်

မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် မတ်လမှစတင်၍ CEIR (Central Equipment Identity Register) စနစ်ကို အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။
မိမိအသုံးပြုနေသောဖုန်းများ ပိတ်သွားမလားဆိုပြီး စိုးရိမ်နေသူများအတွက် အရေးကြီးသော အချက် (၅) ချက်ကို အောက်တွင်ဖော်ပြထားပါသည်။

၁။ မတ်လ ၃၁ မတိုင်မီ ဖုန်းကို Network ပေါ်တင်ထားရန်။ မိမိဖုန်းထဲ SIM Card ထည့်ပြီး ဖုန်းတစ်ချက်ခေါ်ခြင်း၊ SMS ပို့ခြင်း၊ Internet အသုံးပြုခြင်းတို့အနက် တစ်ခုခုကို အနည်းဆုံး တစ်ကြိမ်ပြုလုပ်ထားရုံဖြင့် IMEI စနစ်တွင် မှတ်တမ်းဝင်နိုင်ပါသည်။

၂။ Dual SIM ဖုန်းဖြစ်ပါက SIM Slot နှစ်ခုလုံး အသုံးပြုရန်။ Dual SIM ဖုန်းများတွင် IMEI (၂) ခု ရှိပါသည်။ သာမန်အားဖြင့် SIM Slot တစ်ခုတွင် ထည့်သွင်းအသုံးပြုထားရုံဖြင့် လုံလောက်နိုင်သော်လည်း SIM Slot နှစ်ခုလုံးကို Network ပေါ်တက်ရန် တစ်ကြိမ်စီ အသုံးပြုထားခြင်းက ပိုမိုလုံခြုံပါသည်။

၃။ Smart Device များကိုလည်း သတိထားရန်။
SIM Card အသုံးပြုသော Smart Watch၊ GPS Tracker၊ CCTV Camera၊ Vehicle Tracker အစရှိသည့် Device များတွင်လည်း IMEI နံပါတ်များရှိပါသည်။ ထို့ကြောင့် SIM Card ထည့်ပြီး Network Signal ရအောင် ဖွင့်ထားသင့်ပါသည်။

၄။ ဧပြီ (၁) ရက်နေ့ နောက်ပိုင်း ဖုန်းအသစ်များ / Smart Device များ CEIR စနစ်တွင် မှတ်ပုံတင်မထားသော ဖုန်းအသစ်များကို Network ချိတ်ဆက်ပါက ရက် ၃၀ သာ ယာယီအသုံးပြုခွင့် ရရှိနိုင်ပါသည်။

ထို့နောက် အခွန်နှင့်လိုအပ်သော စစ်ဆေးမှုများပြီးမှသာ ဆက်လက်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

၅။ IMEI စစ်ဆေးလိုပါက ဖုန်း Dial Pad တွင်

***#06#** ကို နှိပ်လိုက်ပါက IMEI နံပါတ်ပေါ်လာမည် ဖြစ်ပါသည်။

ထို့နောက် "**www.ceir.gov.mm**"တွင် ဝင်ရောက်စစ်ဆေးနိုင်ပါသည်။

အနှစ်ချုပ်

မတ်လ (၃၁) ရက်နေ့မတိုင်မီ ဖုန်းထဲ SIM Card ထည့်ပြီး Network ပေါ်တွင် အနည်းဆုံး တစ်ကြိမ် အသုံးပြုထားရုံဖြင့် လုံလောက်နိုင်ပါသည်။

ထို့အပြင် Storeထဲတွင်ထည့်ထားသော ဖုန်းအသစ်များ၊ အရန်ဖုန်းများ၊ SIM Slot ပါသော Smart Device များကိုလည်း မေ့လျော့မကျန်စေရန် အထူးသတိပြုရန်လိုအပ်ပါတယ်။